# Mingalaba
# မင်္ဂလာပါ

I32 | NOVEMBER 22



## မနန်းရွှေ၏ ဇာတ်ကြောင်း

ဆရာဖြစ်သင်တန်းများ တိုးတက်လာစေခြင်း

Mingalaba
မင်္ဂလာပါ
အတွဲ ၃၂၊ နိုဝင်ဘာလ ၂၀၂၂

## မာတိကာ

၂ ဆောင်းပါး
မျက်နှာဖုံးဓာတ်ပုံ
အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး
သတင်းစကား

၄ သတင်းစကား
မီဒီယာမှ
ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း

၅ ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း
ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်းအချက်အလက်များ

၁၀ အလုပ်ခေါ်စာများ/ တင်ဒါခေါ်ယူမှုများ
ကျွန်ုပ်တို့ကို ဆက်သွယ်ရန်

## အယ်ဒီတာအဖွဲ့



မျက်နှာဖုံးဓာတ်ပုံ

ယခုလအတွက် မျက်နှာဖုံးဓာတ်ပုံမှာ CASE2Learn စီမံကိန်းမှ အကျိုးခံစားခွင့်ရှိသူ မနန်းရွှေပင် ဖြစ်သည်။

Photo: © 2022 ADRA Myanmar| CASE2Learn

အယ်ဒီတာ/ ဘာသာပြန်
Pyae Phyo Lin

ကြီးကြပ်မှုအယ်ဒီတာ
Vitalie Zegera

ပံ့ပိုးအားဖြည့်ပေးသူများ
Nan Khin Khin Tun, Khin Yu Mon, Naw Mu Mu Saw, Nang Nom Hsaing, Kap Khan Mung, Moe July Aung, May Thagyan Soe, David Cung Lan Thang , Aung Cho Min, Saw Dawait.

ထုတ်ဝေသူ
ADRA Myanmar

‘ မင်္ဂလာပါ ’ သည် ADRA Myanmar ၏ သတင်းလွှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ပြန်လည် မိတ်ဆက်ထုတ်ဝေခြင်းဖြစ်ပါသည်။ ယင်းသတင်းလွှာပါဓာတ်ပုံများနှင့် အကြောင်းအရာများသည် ADRA Myanmar ၏ မူပိုင်လည်းဖြစ်ပါသည်။

## ဆောင်းပါး



### ဆရာဖြစ်သင်တန်းများ တိုးတက်လာစေခြင်း

အသက် ၁၈ နှစ်အရွယ် ဆရာမ မနန်းရွှေသည် ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်တွင်နေထိုင်ပြီး မိသားစုဝင် လေးဦးရှိသည်။ သူမ၏မိဘများသည် စားဝတ်နေရေးအတွက် လယ်ယာအလုပ်နှင့် အသေးစားလုပ်ငန်းတစ်ခု လုပ်ကိုင်ကြသည်။ သူမသည် စာသင်ကြားရေးကဏ္ဍ သင်ကြားရေး အတွေ့အကြုံ ၃ နှစ်ရှိသည်။

“အလယ်တန်းကျောင်းမှာ ၅ တန်းစတက်တုန်းကလည်း စိန်ခေါ်မှုတွေ အများကြီး ကြုံခဲ့ရတယ်။ မူလတန်းပြီးလို့ ပညာသင်ကြားခွင့် ရပ်သွားတဲ့ ကလေးတွေလည်း အများကြီးရှိတယ်။ ဒါပေမဲ့ ကျွန်မကတော့ အဒေါ်အကူအညီနဲ့ ပညာဆက်သင်နိုင်ခဲ့တယ်” ဟု ဆိုသည်။

၂၀၂၂ ခုနှစ်တွင် CASE2Learn စီမံကိန်းမှ ပံ့ပိုးပေးသည့် ၁၄ ရက်ကြာ နွေရာသီ အသက်မွေးဝမ်းကြောင်း ဆရာဖြစ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းသည် သူမ၏ အသက်မွေးဝမ်းကြောင်းအတွက် အသိပညာနှင့် အချက်အလက်များကို ပိုမိုရရှိစေပြီး ပညာရေးအကြောင်းကိုလည်း ပိုမိုနားလည်လာစေသည်။

“ဆရာကောင်းတစ်ယောက်ရဲ့ အသိပညာနဲ့ စိတ်နေသဘောထားတို့၊ ကလေးတွေရဲ့ ပညာရေးအခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ပြီး ကလေးတွေရဲ့ ပညာရေးမှာ အသိုင်းအဝိုင်းနဲ့ ထိတွေ့ဆက်ဆံပုံတွေကို သင်ယူပြီး မျှဝေနိုင်ခဲ့တယ်။”

ဥရောပသမဂ္ဂမှ ရန်ပုံငွေပံ့ပိုးပေးထားပြီး မိတ်ဖက် RISE ၊ ADRA Germany၊ ADRA UK တို့နှင့် ပူးပေါင်းဆောင်ရွက်နေသော CASE2Learn စီမံကိန်းအတွင်း လေ့ကျင့်သင်ကြားပေးထားသော (SVT) ဆရာများအနက်မှ တစ်ဦးဖြစ်ပြီး ဝေးလံခေါင်သီသော ဒေသများရှိ တိုင်းရင်းသားများအတွက် ပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေရန်လည်းဖြစ်သည်။

နွေရာသီအားလပ်ရက်သင်တန်းကို RISE ကွန်ရက်မှတစ်ဆင့် မတ်လမှ မေလအတွင်း ပို့ချပေးလျက်ရှိပြီး  အဆိုပါသင်တန်းသည် ကျောင်းသားဗဟိုပြုသင်ကြားနည်းများနှင့် ဘာသာရပ်ဆိုင်ရာ အသိပညာများဖြင့် လက်ရှိရပ်ရွာနှင့် အမျိုးသားကျောင်းဆရာများ (ဝန်ဆောင်မှုပေးမည့် ဆရာအသစ်များ) ကို အဆင့်မြှင့်တင်ရန်နှင့် ဒေသခံဆရာများအကြား အတွေ့အကြုံ၊ အသိပညာများကို မျှဝေနိုင်စေရန် ရည်ရွယ်ပါသည်။

သူမအနေဖြင့် သင်တန်းများမှနေ၍ ဆရာဆရာမများ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ သင်ကြားနည်းစနစ်များ၊ နည်းလမ်းများ၊ သင်ကြားရေးနှင့် သင်ယူမှုဆိုင်ရာပစ္စည်းများ ဖန်တီးခြင်း၊ မေးခွန်းထုတ်ခြင်း စွမ်းရည်များနှင့် SVT သင်တန်းမှ သင်ယူမှုပုံစံများနှင့် သက်ဆိုင်သည့် ဘာသာရပ်အချို့ကိုလည်း သင်ယူနိုင်ခဲ့သည်။

“ဒီသင်တန်းမှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ သင်ကြားရေးနည်းလမ်းများစွာကို သင်ယူရုံသာမက အသိပညာတွေကို မျှဝေကာ အခြားသူတွေနဲ့ ဆက်ဆံရေးတည်ဆောက်နိုင်ခဲ့ပါတယ်။

> “ပညာရေးသည် နိုင်ငံနဲ့ လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါတယ်။  ကလေးတွေရဲ့ ပညာရေးနဲ့ ရပ်ရွာဖွံ့ဖြိုးရေးအတွက် ဒီသင်တန်းကနေရလာတဲ့ ကျွမ်းကျင်မှုတွေနဲ့ အသိပညာတွေကို အသုံးပြုသွားမှာပါ”

## သတင်းစကား



### အကြင်နာမေတ္တာ

စာနာရိုင်းပင်းခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်းနှင့် အကြင်နာမေတ္တာထားခြင်းသည် အခြားသူများအပေါ် ဂရုစိုက်ပေးခြင်းနှင့် စိတ်ပူပန်ခြင်းတို့ကို နက်ရှိုင်းစွာဖြင့် ဖြစ်ပေါ်ပခြင်းဖြစ်သည်။ ယင်းသည် အခြားသူများ၏ခံစားချက်ကို နားလည်မျှဝေရန် ကြင်နာခြင်းနှင့် ပံ့ပိုးကူညီမှုတို့ဖြင့် တုံ့ပြန်နိုင်ခြင်းလည်းဖြစ်သည်။ ကိုယ်ကျိုးကိုမငဲ့ဘဲ အခြားသူများ၏ ဆင်းရဲဒုက္ခကို အသိအမှတ်ပြုရန် ကရုဏာက ကျွန်ုပ်တို့ကို ကူညီပေးသည်လည်း ဖြစ်သည်။

တခြားသူများအား ကူညီရန်နှင့် ပိုမိုကောင်းမွန်သော ကမ္ဘာတစ်ခုကို ဖန်တီးရန်လည်း ကျွန်ုပ်တို့ကို လှုံ့ဆော်ပေးနိုင်သည်။ ကိုယ်ချင်းစာတရားသည် မိမိကိုယ်တိုင်နှင့် လူ့အဖွဲ့အစည်းတွင် ပြုစုပျိုးထောင်ရန် အရေးကြီးသော အရည်အသွေးတစ်ခုလည်းဖြစ်သည်။ ယင်းမှာလည်း ကျွန်ုပ်တို့အား အခြားသူများနှင့် ပိုမိုနက်ရှိုင်းသောအဆင့်တွင် ချိတ်ဆက်နိုင်စေရန်နှင့် စည်းလုံးမှုနှင့် စည်းလုံးမှုသဘောကို ဖန်တီးပေးနိုင်ရန်လည်း ကူညီပေးပါသည်။ ယင်းသည် ကျွန်ုပ်တို့၏ ဘဝတွင် အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ရှာဖွေရန်၊ ပြည့်စုံပြီး ကျေနပ်မှုကို ခံစားနိုင်ရန်လည်း ကူညီပေးပါသည်။ အကြင်နာမေတ္တာထား

ခြင်း၊ ကိုယ်ချင်းစာတရားသည်လည်း  ခံစားချက်ချည်းသက်သက်သာမဟုတ်ဘဲ ဖြစ်တည်မှုနှင့်  သရုပ်ဖော်သည့် နည်းလမ်းတစ်ခုဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် အခြားသူများအပေါ် ပွင့်လင်းမြင်သာမှုရှိရန်၊ ၎င်းတို့၏လိုအပ်ချက်များနှင့် စိုးရိမ်မှုများကို ပွင့်လင်းသောစိတ်နှင့် နှလုံးသားဖြင့် နားထောင်ရန်လည်း လိုအပ်ပါသည်။ ကိုယ်ချင်းစာတရားသည် အခြားသူများကို ပြုစုစောင့်ရှောက်ပေးရခြင်းဖြစ်ပြီး ယင်းသည် ပိုမိုချစ်ခင်ကြင်နာသောကမ္ဘာကို ဖန်တီးရန်အတွက် မရှိမဖြစ်လိုအပ်သော အရည်အသွေးတစ်ခုလည်းဖြစ်သည်။

မိမိကိုယ်မိမိ သိရှိနားလည်မှုနှင့် မိမိကိုယ်ကို လက်ခံနိုင်မှုတို့ကို မွေးမြူခြင်းဖြင့်၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ကြင်နာမှုနှင့် နားလည်မှုရှိရန် သင်ယူနိုင်ပြီး ထိုကရုဏာကိုလည်း အခြားသူများအတွက် တိုးချဲ့မျှဝေနိုင်မည်လည်းဖြစ်သည်။

ထို့ကြောင့် မေတ္တာတရားနဲ့ နှလုံးသားကို တည်ဆောက်ကြပါစို့။


Justice
Compassion
Love

www.adramyanmar.org


## ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း



## FRANCIS

Advocacy Officer | Yangon Head Office

**Q1 ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။**
မြန်မာ

**Q2 အကြိုက်ဆုံးအစားအစာက ဘာပါလဲ။**
ငရုတ်သီး

**Q3 အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။**
မီးခိုးရောင်

**Q4 ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။**
Sightseeing ကြည့်ရတာ

**Q5** ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားလည်ချင်ပါသလဲ။

Victoria falls /Gambia

**Q6** ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။

Understanding

**Q7** ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။

October 2019

**Q8** ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။

Morning devotion

## ယခုလအတွက် ဓာတ်ပုံ



## နိုဝင်ဘာလ

ဓာတ်ပုံ

Thant Zin, Logistic and Driver, VESI Project

ဓာတ်ပုံ၏အကြောင်း

LIFT မှ ရန်ပုံငွေထောက်ပံ့မှုဖြင့်ဆောင်ရွက်နေသော VESI စီမံကိန်းအောက်ရှိ အသက်မွေးဝမ်းကျောင်းပညာလေ့ကျင့်ရေးသင်တန်းမှ လေ့ကျင့်သင်ကြားနေသော ကျောင်းသားတစ်ဦးကိုတွေ့ရစဉ်။

# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ










## VESI

ယခုလတွင် LIFT မှ ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက် AVSI နှင့် FRC တို့နှင့် အတူပူးပေါင်းဆောင်ရွက်နေသော VESI စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် အသက်မွေးဝမ်းကြောင်းပညာ ရက်တိုသင်တန်း အမှတ်စဉ် ၁၀ မှ ကျောင်းသား ၁၅၈ ဦးအတွက် လုပ်ငန်းခွင်သုံး အကာအကွယ်ပစ္စည်းများကို ဖြန့်ဝေပေးခဲ့သည်။

- အသက်မွေးဝမ်းကျောင်းပညာ ကာလတို သင်တန်းများနှင့် ပတ်သက်၍ သင်ကြားရေးဆိုင်ရာ လှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာခဲ့သည်။

- သင်တန်းအမှတ်စဉ် ၁၀မှ သင်တန်းသားများအတွက် သင်တန်းဆင်းပွဲအခမ်းအနားကို လားရှိုးမြို့တွင် ကျင်းပခဲ့ရာ ပြည်တွင်းပုဂ္ဂလိက သင်တန်းဆရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။





## CASE2Learn

ဥရောပသမဂ္ဂ(EU)က ရန်ပုံငွေထောက်ပံ့ပေးထားပြီး မိတ်ဖက် ADRA UK၊ ADRA Germany ၊ RISE တို့နှင့် အတူတကွပူးပေါင်းဆောင်ရွက်နေသော CAES2Learn စီမံကိန်းသည် ပြင်ဦးလွင်မြို့တွင် စီမံကိန်းဆိုင်ရာ အစီအစဉ်များ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ပြုလုပ်ခဲ့သည်။

ယင်းအစည်းအဝေးကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့ပြီး အစည်းအဝေးအတွင်း ယခင်စီမံကိန်းကာလများအတွင်းကြုံတွေ့ခဲ့ရသော အခက်အခဲများနှင့် စိန်ခေါ်မှုများ၊ စီမံကိန်းပြင်ဆင်ခြင်းနှင့် လုပ်ဆောင်ချက်များအကြောင်း ဖော်ပြချက် (DOA) တို့ကို ဆွေးနွေးခဲ့ကြပြီး ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၃ ခုနှစ် မေလအထိ ကာလများအတွက် လုပ်ငန်းအစီအစဉ်ကိုလည်း ရေးဆွဲခဲ့ပါသည်။ အဆိုပါအသိပညာမျှဝေခြင်း အစည်းအဝေးမှတစ်ဆင့် CASE2Learn စီမံကိန်းအဖွဲ့၏ ဝန်ထမ်းစွမ်းဆောင်ရည်ကိုလည်း တိုးမြှင့်ခဲ့သည်။



# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## ReCAP

Relief for vulnerable population Population (ReCAP) စီမံကိန်းသည် ကရင်ပြည်နယ်တွင် ညှိနှိုင်းအစည်းအဝေးကို သုံးကြိမ် ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် မိတ်ဖက်အဖွဲ့ CIDKP မှ စီမံကိန်းအကောင်အထည်ဖော်မည့် ရပ်ရွာလူထုအား စီမံကိန်းလုပ်ငန်းများအကြောင်း စီမံကိန်းကာလနှင့် အကောင်အထည်ဖော်မည့် အစီအစဉ်များအကြောင်း မိတ်ဆက်ပေးခဲ့သည်။

ယင်းအစည်းအဝေးသို့ အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၁၁၆ ဦးတို့သည် တက်ရောက်ခဲ့သည်။ အဆိုပါစီမံကိန်းသည် စီမံကိန်းဆောင်ရွက်မည့် ရပ်ရွာများအတွင်း ကူးစက်ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ရန် ရည်ရွယ်ပြီး စစ်ဘေးရှောင်များနှင့် ရပ်ရွာလူထုအသိုင်းအဝိုင်းအနေဖြင့် ကျန်းမာရေးနှင့် အာဟာရအတွက် အဆင်ပြေသော ရေအရင်းအမြစ်ကို လက်လှမ်းမီနိုင်စေရန်လည်း ရည်ရွယ်ပါသည်။

## SEAQE2

ယခုလတွင် Norad နှင့် ADRA Norway တို့က ရန်ပုံငွေထောက်ပံ့ပေးထားသော SEAQE2 စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးစီးခဲ့သည်။

– ဆရာဖြစ်သင်တန်းကို နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ ACS ကျောင်း ၉ ကျောင်းမှ ဆရာ၊ ဆရာမစုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့သည်။

အလားတူ ကျောင်းအုပ်ဆရာဖြစ် သင်တန်းကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ကရင်ပြည်နယ် ဘားအံမြို့တွင် သုံးရက်ကြာ ကျင်းပခဲ့သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၃၃ ဦးပါဝင်ပြီး သက်ဆိုင်ရာကျောင်းအသီးသီးမှ ကျောင်းအုပ်၊ လက်ထောက်ကျောင်းအုပ်နှင့် ADRA Myanmar ဝန်ထမ်းများအတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

– နိုဝင်ဘာ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ လှိုင်းဘွဲမြို့နယ်ရှိ ACS စာသင်ကျောင်း ၅ ကျောင်း၌ ရပ်ရွာလူထုလှုပ်ရှားမှုအခမ်းအနားများကို အောင်မြင်စွာ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားအတွင်း မိဘများ၊ ကျောင်းသားများနှင့် ဆရာများပါဝင်ခဲ့ပြီး စုစုပေါင်း ၁၃၈ ဦး တက်ရောက်ခဲ့သည်။









## နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## JPF

ယခုလတွင် ADRA Japand နှင့် Japan Platform မှ ရန်ပုံငွေထောက်ပံ့ပေးထားသော JPF စီမံကိန်းသည် ကရင်ပြည်နယ်အတွင်း အစားအသောက်နှင့် ကျန်းမာရေးဆိုင်ရာ အကာအကွယ်ပစ္စည်းများ ဖြန့်ဝေပေးရန်အတွက် အကျိုးခံစားခွင့်ရှိသူများ လူဦးရေစာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

JPF စီမံကိန်းအဖွဲ့သည် ဖြန့်ဖြူးမည့်ရက်နှင့် နေရာကို အတည်ပြုရန်အတွက် နိုဝင်ဘာလ ၂၄ ရက်နေ့ကလည်း ရပ်ရွာကယ်ဆယ်ရေးကော်မတီနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့သည်။





## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေထောက်ပံ့ပေးထားသော SHAPE စီမံကိန်းသည် အိမ်တွင်းဥယျာဉ်စိုက်ပျိုးခြင်း ToT သင်တန်းကို နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် အိမ်တွင်းဥယျာဉ်အလိုက် မြေဆီလွှာပြင်ဆင်ခြင်းနည်းပညာ၊ မျိုးကောင်းမျိုးသန့် အရည်အသွေးကောင်းရွေးချယ်ခြင်း၊ မြေသြဇာအသုံးပြုခြင်း စသည်တို့ ပါဝင်ပါသည်။ သင်တန်းတွင် စီမံကိန်းမှ စေတနာ့ဝန်ထမ်း ၁၂ ဦး ပါဝင်ခဲ့သည်။

– အွန်လိုင်းအသုံးပြုရသည့် Web Map နှင့် Carry Map၊ အော့ဖ်လိုင်းဖုန်းအက်ပလီကေးရှင်းတစ်ခုဖြစ်သည့် Web Map နှစ်ခုလုံး အသုံးပြုမှုတွင် Volunteers များ၏ အသိပညာနှင့် ကျွမ်းကျင်မှုတိုးလာစေရန် ရည်ရွယ်သည့် web map TOT Training ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် စေတနာ့ဝန်ထမ်းများသည် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအရာရှိ၏ ကြီးကြပ်မှုနှင့် နည်းပညာဆိုင်ရာ လမ်းညွှန်မှုအောက်တွင် တောင်သူလယ်သမားများအား ကူညီပေးမည်ဖြစ်သည်။







# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## WCP

UNICEF မှ ရန်ပုံငွေထောက်ပံ့ထားသော WCP စီမံကိန်းသည် ယခုလအတွင်း အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့သည်။

– လှိုင်းဘွဲ့မြို့နယ်နှင့် မြဝတီမြို့နယ်တို့တွင် မူဝါဒလေ့လာသုံးသပ်ခြင်းနှင့် စည်းရုံးရေး ကျွမ်းကျင်မှုသင်တန်း ၂ ခု ပြုလုပ်ခဲ့သည်။

သင်တန်းကို လှိုင်းဘွဲ့မြို့နယ်နှင့် မြဝတီမြို့နယ် တို့မှ အမျိုးသား(၉)ဦးနှင့် အမျိုးသမီး(၆)ဦးစီမှ ရေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် (၁၅)ဦး တက်ရောက်ခဲ့ပါသည်။

– အိမ်ထောင်စုအလိုက် တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲများကို လှိုင်းဘွဲ့မြို့နယ်နှင့် မြဝတီမြို့နယ်တို့တွင် စီမံကိန်းအဓိကထားဆောင်ရွက်မည့် ကျေးရွာများသို့ စီမံကိန်းမှလေ့ကျင့်ပေးထားသည့် စေတနာ့ဝန်ထမ်းများမှ ပို့ချပေးခဲ့သည်။



## အလုပ်ခေါ်စာများနှင့် တင်ဒါခေါ်ယူမှုများ

အောက်ဖော်ပြပါရာထူးများနှင့် ပတ်သက်၍ မည်သို့လျှောက်ထားရမည်ကို အသေးစိတ်သိရှိနိုင်ရန် **www.adramyanmar.org/jobs** တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

## ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါ။

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: www.adramyanmar.org

**ADRA Myanmar** အနေဖြင့် လိမ်လည်ခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် ကလေးသူငယ်များကို ထိပါးနှောင့်ယှက်ခြင်း စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လုံးဝလက်ခံသည်မဟုတ်ပါ။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍လည်း **www.adramyanmar.org/report** တွင် ပေးပို့တင်ပြနိုင်ပါသည်။

# ဝန်ထမ်းသစ် မိတ်ဆက်



**PYAE SONE AUNG**
Project Manager
ReCAP Project



**TIN LAY MON**
Finance/Logistics Admin Assistant
ReCAP Project

# CALENDAR



## DECEMBER 2022

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 Kayin New Year | 23 ADRA Holiday | 24 |
| 25 Christmas | 26 ADRA Holiday | 27 | 28 | 29 | 30 | 31 |

### UPCOMING EVENTS

Timesheets are due on the 25th of each month

Holidays:
December 22 - Kayin New Year

December 23,26 - ADRA Holidays

**'MINGALABA'**
Next Volume:
15 January 2023

ADRA